ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

နိုင်ငံခြားသားများ ဗီဇာသက်တမ်းတိုးထောက်ခံချက်ရရှိနိုင်ရေးအတွက်ကြေညာချက်နှင့်

စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် "ကုမ္ပဏီများမှ ဗီဇာသက်တမ်းတိုး ထောက်ခံချက် ရယူလိုသည့် နိုင်ငံခြားသားများအနေဖြင့် ၎င်းတို့၏ ဗီဇာသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက် ၆၀ ကြိုတင် လျှောက်ထားရမည်" ဟုကြေညာခဲ့ပါသည်။

၂။ ယခုအခါ ဗီဇာသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက် ၆၀ မကျန်ရှိဘဲ တင်ပြလျှောက်ထားမှုများရှိသည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီများမှ ဗီဇာသက်တမ်းတိုး ထောက်ခံချက်ရယူလိုသည့် နိုင်ငံခြားသားများအနေဖြင့် ၎င်းတို့၏ ဗီဇာသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက် ၆၀ ကြိုတင် လျှောက်ထားကြပါရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

၄။ ဗီဇာသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက် ၆၀ မကျန်ရှိသော လျှောက်ထားမှုများကို လုံး၀(လုံး၀) ဆောင်ရွက်ပေးမည် မဟုတ်ပါ။